# Note Book

# မှတ်စုစာအုပ်

NICFI
Norway's International Climate and Forest Initiative

POINT
Promotion Of Indigenous and Nature Together
ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့

IWGIA

# Connection (မျိုးစေ့များ၏ ချိတ်ဆက်ခြင်း)

ဒေသမျိုးစေ့ ဒေသသီးပင်၊ စားပင် စုံလင်မှုဟာစုံလင်စိတ်ချရတဲ့ အစားအစာအရင်းအမြစ်ကို ပေးစွမ်းတယ်။ ဓာတုမြေဩဇာနဲ့ အခြားဓာတုဆေးတွေမလိုအပ်လို့ ကျန်းမာခြင်းကိုပေးစွမ်းတယ်။ မြေထု၊ ရေထုနဲ့ လေထုစတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းကို ပေးစွမ်းတယ်။ ပိုးမွှားရောဂါတွေကျခြင်းနဲ့ ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်တွေပေးစွမ်းတယ်၊ မျိုးစေ့စရိတ်နဲ့ အခြားသွင်းအားစုတွေ သက်သာလို့ အကြွေးသက်သာစေတယ်။ လူမှုအသိုက်အဝန်း ချစ်ခင်ရင်းနှီးမှုတွေနဲ့ ပျော်ရွှင်ငြိမ်းချမ်းမှုကို ပေးစွမ်းတယ်၊ ဘိုးဘွားအစဉ်အဆက်ဆက် တန်ဖိုးရှိတဲ့ ဒေသအသိပညာတွေကို ပေးစွမ်းတယ် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေရဲ့ အလှတရားတွေကို ပေးစွမ်းတယ်။

ဒါကြောင့်မို့ . .

စီးပွားရေးသမားကြီးတွေဟာ မျိုးစေ့ကို ထိန်းချုပ်နိုင်ဖို့ ကြိုးစားတယ်။ မျိုးစေ့တွေကို ထိန်းချုပ်နိုင်ခြင်းဟာ တောင်သူလေးတွေရဲ့ ဘဝနဲ့ စိုက်ပျိုးရေးကဏ္ဍကို ချုပ်ကိုင်နိုင်ခြင်းနဲ့ စားသုံးသူတွေရဲ့ ဘဝကို ခြယ်လှယ်လွှမ်းမိုးထိန်းချုပ်နိုင်ခြင်းပဲ။ မျိုးစေ့တွေဟာ လူတွေရဲ့ ကဏ္ဍများစွာ၊ ဂေဟစနစ်တွေများစွာနဲ့ ယှက်နွှယ်နေလို့ ဒေသမျိုးစေ့ ဒေသသီးပင်စားပင် စုံလင်မှု လျော့ပါးလာတာကို လျစ်လျူရှုခြင်းဟာ အရာရာသော ဘဝရဲ့တန်ဖိုးတွေကို လျစ်လျူရှုခြင်းပဲဖြစ်တယ်။

**#Food Sovereignty Page**











# ဌာနေတိုင်းရင်းသားများနှင့် မြေယာအကြားဆက်နွယ်မှု

ကုသမဂ္ဂအထူးစုံစမ်းစစ်ဆေးရေးအရာရှိ မစ္စတာအီရီကာအိုင်ရင်းအေဒ့ေစ်က ၂၀၁၁ တွင် ပြောဆိုခဲ့သည်မှာ-

၁။ ဌာနေတိုင်းရင်းသားများနှင့် ၎င်းတို့၏မြေယာ၊ ပိုင်နက်နယ်မြေများနှင့် သဘာဝအရင်းအမြစ်များအကြားတွင် ကြီးမားသည့် ဆက်နွယ်မှုရှိကြသည်။

၂။ ၎င်းတို့၏ဆက်နွယ်မှုတွင် လူမှုရေး၊ ယဉ်ကျေးမှု၊ ဝိညာဉ်ရေးရာ၊ စီးပွားရေး၊ နိုင်ငံရေးစသည့်ရှုထောင့်အမျိုးမျိုးနှင့် တာဝန်အသီးသီးရှိကြသည်။

၃။ ၎င်းတို့အထဲတွင် အစုအဖွဲ့အနေဖြင့် ရှိနေသည့်ဆက်နွယ်မှုမှာ အထူးသိသာထင်ရှားသည်။

၄။ မျိုးရိုးစဉ်ဆက် လက်ခံကျင့်သုံးကြသည့် ဤဆက်နွယ်မှုသည် ဌာနေတိုင်းရင်းသားများ၏ ထင်ရှားသော လက္ခဏာ၊ အသက်ရှင်ရပ်တည်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာတို့ အတွက် အရေးပါလှပါသည်။

**အပိုဒ် (၂၀)တွင် ဖော်ပြထားသည်မှာ–** ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏မြေယာ၊ ပိုင်နက်နယ်မြေများနှင့် သဘာဝအရင်းအမြစ်များနှင့် ကြီးမားသော ဆက်သွယ်မှုရှိခြင်းအပေါ် အသိအမှတ်ပြုမခံရသကဲ့သို့ အခြားအခြေခံလူ့အခွင့်အရေးများမရရှိခြင်းကြောင့် ဌာနေတိုင်းရင်းသားအသိုက်အမြုံများ တဖြည်းဖြည်းနှင့် ယိုယွင်းပျက်စီးလာသည်ကို တွေ့မြင်ခဲ့ရပါသည်။

## UNDRIP ထဲရှိ အရေးကြီးသည့် ထောက်ခံအားပေးချက်များမှာ

**ပုဒ်မ(၂၅)** ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့မိရိုးဖလာယဉ်ကျေးမှုအရ ပိုင်ဆိုင်သည့် (သို့) လုပ်ကိုင်စားသောက်နေသည့် (သို့) အသုံးပြုသည့်မြေယာ၊ ပိုင်နက်နယ်မြေများ၊ ရေပြင်များနှင့် ကမ်းရိုးတမ်းဒေသများအပါအဝင် အခြားသယံဇာတအရင်းအမြစ်များနှင့်ထင်ရှားသည့်ရိုးရာကိုးကွယ်မှုများဆက်နွယ်မှုရှိကြပြီး၎င်းတို့ကိုထိန်းသိမ်းစောင့်ရှောက်၍ အနာဂတ်မျိုးဆက်သစ်များကို လက်ဆင့်ကမ်းလွှဲပြောင်းပေးပိုင်ခွင့်ရှိသည်။

**ပုဒ်မ(၂၆)** ဌာနေတိုင်းရင်းသားများသည် မိရိုးဖလာယဉ်ကျေးမှုအရ ပိုင်ဆိုင်သည့်(သို့)လုပ်ကိုင်စားသောက်နေသည့် (သို့) အသုံးပြုသည့် မြေယာပိုင်နက်နယ်မြေများနှင့် သယံဇာတ အရင်းအမြစ်များကို ပိုင်ဆိုင်ခွင့်ရှိသည်။

၁။ ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုအရ ပိုင်ဆိုင် လာသည့် (သို့) ရိုးရာအရ လုပ်ကိုင်စားသောက်နေသည့် မြေယာ၊ ပိုင်နက်နယ် မြေများနှင့် သယံဇာတအရင်းအမြစ်များကို ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ဖွံ့ဖြိုးတိုးတက် ခွင့်နှင့် ထိန်းသိမ်း စောင့်ရှောက်ပိုင်ခွင့်ရှိသည်။

၂။ နိုင်ငံအစိုးရများမှနေ၍ ၎င်းမြေယာများ၊ ပိုင်နက်နယ်မြေများနှင့် သယံဇာတအရင်း အမြစ်များကို ဌာနေတိုင်းရင်းသားတို့၏ ထုံးတမ်းစဉ်လာ၊ ရိုးရာယဉ်ကျေးမှုများနှင့် မြေယာပိုင်ဆိုင်မှုစနစ်များအတိုင်း လေးစားလိုက်နာပြီး တရားဥပဒေအရ လက်ခံအသိအမှတ်ပြု ကာကွယ်ပေးရမည်။

- အစုအဖွဲ့ပိုင်ဘုံအခွင့်အရေးများသည် အရေးကြီးသည်။
- နိုင်ငံအစိုးရများသည် အစုအဖွဲ့ပိုင်ဘုံ အခွင့်အရေးများကို အသိအမှတ်ပြု လေ့သိပ်မရှိပါ။
- မြေယာများကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းသည် မကြာခဏဆိုသလို မြေယာအခွင့်အလမ်းများနှင့် မြေယာမဲ့များအပေါ် မမျှတမှုများ ဖြစ်ပေါ်စေပါသည်။

## သစ်တောဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်အမှတ် ၂၉။)
၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် )

၇။ ဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဘောထားမှတ်ချက်၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(ဃ) ဒေသခံများမှ ၎င်းတို့၏ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသည့် သဘာဝသစ်တောများနှင့် ဒီရေတောများကို အသိအမှတ်ပြုနိုင်သည်။

---

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၈ ခုနှစ်)

(၂၀၁၈ ခုနှစ်၊ ပြည်တော်စုလွှတ်တော်ဥပဒေအမှတ် ၂၄။)
၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၂ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ရက်)

၂၆။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၃၀၏ နောက်တွင် ပုဒ် ၃၀-ကအဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၃၀-က။ အောက်ပါမြေအမျိုးအစားများကို စီမံခန့်ခွဲခြင်းသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(ခ) ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်မြေများ။





# အခန်း (၁၄)

## ရင်းနှီးမြှုပ်နှံသူများ၏ တာဝန်ဝတ္တရားများ

၆၅။ ရင်းနှီးမြှုပ်နှံသူသည်-

(က) နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်း၊ အစဉ်အလာ၊ ရိုးရာယဉ် ကျေးမှုတို့ကို လေးစားလိုက်နာရမည်၊

(ခ) မိမိ၏ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာတွင်ကျင့်သုံးသည့် အကောင်းဆုံးစံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု၊ ညစ်ညမ်းမှု၊ နစ်နာမှုမဖြစ်စေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရန်လိုကို နာဆောင်ရွက်ရမည်။

(ဂ) ခွင့်ပြုမိန့်သို့မဟုတ် အတည်ပြုမိန့်ပါရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်ချက်အရ ဆောင်ရွက်ခြင်းမှတစ်ပါး ရင်းနှီးမြှုပ်နှံမှုနှင့် မသက်ဆိုင်သော သစ်တောများခုတ်ထွင်ခြင်း၊ သဘာဝသယံဇာတများတူးဖော်ခြင်း စသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေခြင်းနှင့် လူမှုစီးပွားအပေါ် ဆုံးရှုံးမှုများဖြစ်ပေါ်စေပါက အဆိုပါဆုံးရှုံးနစ်နာမှုအတွက် ထိရောက်သည့်လျော်ကြေးကို နစ်နာသူထံသို့ ပေးလျော်ရမည်၊

(ဃ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ ကြိုတင်ခွင့်ပြုချက်ရယူရန်လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများသည် ဆန်းစစ်ခြင်းများမလုပ်ဆောင်မီ ကော်မရှင်၏ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ကို ဦးစွာရယူရမည်။ ဤသို့ ကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရယူထားသည့် ရင်းနှီးမြှုပ်နှံမှုများသည် ၎င်းတို့လုပ်ငန်းဆောင်ရွက်နေသည့်ကာလတလျှောက်လုံး လိုအပ်သည့် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်ဆန်းစစ်ချက်များ ဆောင်ရွက်မှုအခြေအနေများကို ကော်မရှင်သို့ တင်ပြရမည်။

---

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၀၁၇ခုနှစ်၊ မတ်လ ၃၀ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

၆၁။ ကော်မရှင်သည် အဆိုပြုချက်ကိုစိစစ်ရာတွင် လိုအပ်ပါက အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်နိုင်ပြီး အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် လူပုဂ္ဂိုလ် သို့မဟုတ် အခြားလိုအပ်သောအရင်းအမြစ်များကို ကော်မရှင်သို့ ပံ့ပိုးပေးရမည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်သည့် ဥပဒေနှင့် အကျိုးဝင်သက်ဆိုင်နေပါက ကော်မရှင်သည်စိစစ်ရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လည်းကောင်း သို့မဟုတ် ခွင့်ပြုမိန့်တွင်ပါဝင်ရမည့် အခြားအခြေအနေများအဖြစ် ထည့်သွင်းစဉ်းစားရာတွင်လည်းကောင်း သက်ဆိုင်ရာ ဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများ သို့မဟုတ် ပါဝင်ပတ်သက်သူများနှင့် သီးခြားဆွေးနွေးတိုင်ပင်ရန်၊ သဘောထားရယူရန်လိုအပ်ခြင်းရှိ/မရှိ ထည့်သွင်းစဉ်းစားနိုင်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို (၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ ၁၈ရက်) တွင်

**၃၆။** ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေများတွင်ဖော်ပြထားသော အောက်ပါလုပ်ငန်းများအား ကော်မရှင်သို့ အဆိုပြုချက်တင်ပြစေပြီး ခွင့်ပြုမိန့်ရရှိမှသာ ရင်းနှီးမြှုပ်နှံရမည်-

(က) နိုင်ငံတော်အတွက် မဟာဗျူဟာအရအရေးပါသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ၊

(ခ) မတည်ငွေရင်းကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားများ၊

(ဂ) သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ် ကြီးမားသော သက်ရောက်မှုဖြစ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အဦးများ အသုံးပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(င) ကော်မရှင်သို့ အဆိုပြုချက်တင်ပြစေရန် အစိုးရအဖွဲ့က သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

(ဆ) သဘာဝသယံဇာတပစ္စည်းများ ရှာဖွေခြင်းနှင့် စမ်း သပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးများအပါအဝင် သက်ဆိုင်ရာဥပဒေ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ ပေးအပ်ထားသည့် လုပ်ငန်းဆိုင်ရာအခွင့်အရေးများ။

**၄၁။** အောက်ပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကိုတားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် သတ်မှတ်သည်-

(က) နိုင်ငံတော်အတွင်းသို့ ဘေးအန္တရယ်ရှိသော သို့မဟုတ် အဆိပ်အတောက်ရှိသော စွန့်ပစ်ပစ္စည်းများ သယ်ဆောင်လာနိုင်သည့် သို့မဟုတ် ပေါ်ပေါက်လာနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ခ) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုရည်ရွယ်ချက်ဖြင့် ပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှအပ ပြည်ပမှ စမ်းသပ်ဆဲဖြစ်သော သို့မဟုတ် အသုံးပြုရန်၊ စိုက်ပျိုးမွေးမြူရန်၊ အတည်ပြုချက် မရရှိသေးသော နည်းပညာများ၊ ဆေးဝါးများ၊ အပင်နှင့် တိရိစ္ဆာန်မျိုးစိတ်များ၊ အသုံးအဆောင်များ သယ်ဆောင်လာနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဂ) နိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိခိုက်စေသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) ပြည်သူတို့အပေါ် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(င) သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ကြီးမားစွာ ထိခိုက်ပျက်စီးစေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

**၄၅။** ကော်မရှင်သည် ပုဒ်မ၄၄အရ ပြန်လည်သုံးသပ်ရာတွင် အစိုးရအဖွဲ့က ပြုလုပ်ထားသော နိုင်ငံတကာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကတိကဝတ်များကို သွေဖီမှုမရှိစေရန် အလေးထား၍ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်နိုင်သည်။

**၄၆။** ကော်မရှင်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လုံခြုံရေးအခြေအနေ၊ စီးပွားရေးအခြေအနေ၊ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် လူမှုအကျိုးစီးပွားကို ကြီးမားစွာ အကျိုးသက်ရောက်မှုဖြစ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများကို ခွင့်ပြုမိန့်ထုတ်ပေးရန် ဆောင်ရွက်သည့်အခါ အစိုးရအဖွဲ့မှ တစ်ဆင့်ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

ရေးသားသူ - Dr. Chris Erni

## ကုလသမဂ္ဂဆိုသည်မှာ အဘယ်နည်း။

- ၁၉၄၅ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် နိုင်ငံတကာအဖွဲ့အစည်း ဖြစ်ပါသည်။
- အဖွဲ့ဝင်ပေါင်း ၁၉၄နိုင်ငံပါရှိပြီး လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံအစိုးရများ ကိုယ်ထူကိုယ်ထ စုပေါင်းပါဝင်ထားသည့် အဖွဲ့အစည်းဖြစ်ပါသည်။
- ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကို အခြေပြု ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်ပါသည်။

## ကုလသမဂ္ဂ၏ ရည်ရွယ်ချက်မှာအဘယ်နည်း။


- ကုလသမဂ္ဂပဋိညာဉ်စာချုပ်၊ ပုဒ်မ(၁)တွင် ဖော်ပြထားသည်မှာ -
- ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုဖော်ဆောင်ရန်။
- လူမှုရေးနှင့် စီးပွားရေးဖွံ့ ဖြိုးတိုးတက်စေရန်အတွက် မြှင့်တင်ဆောင်ရွက်ရန်။
- ကမ္ဘာ့နေရာအနှံ့အပြားတွင် လူ့အခွင့်အရေးကို အလေးထားစေရန်အတွက် ဆောင်ရွက်ပေးရန်။

## ကမ္ဘာကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာဆောင်ရွက်ချက်များ

- ၁၉၄၈ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းကို အတည်ပြုကြေငြာခဲ့သည်။
- အခြားလူ့အခွင့်အရေးနှင့် စပ်ဆိုင်သည့် သဘောတူစာချုပ်များမှာ -
  - ◊ နိုင်ငံတကာလူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှုများ အလုံးစုံပပျောက်ရေး သဘောတူစာချုပ်၊
  - ◊ နိုင်ငံတကာနိုင်ငံသားနှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊
  - ◊ နိုင်ငံတကာစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ သဘောတူစာချုပ်၊
  - ◊ အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားထားမှုပပျောက်ရေး သဘောတူစာချုပ်။
- အထွေထွေညီလာခံအောက်ရှိ လူ့အခွင့်အရေးကောင်စီသည် အဖွဲ့ဝင်နိုင်ငံများ၏ ကမ္ဘာတဝှမ်းအလှည့်ကျ လူ့အခွင့်အရေး အခြေအနေလေ့လာသုံးသပ်ခြင်းများကို ဆောင်ရွက်သည်။
- စီးပွားရေးနှင့် လူမှုရေးကောင်စီတွင် ကော်မရှင်အဖွဲ့နှင့် အဖွဲ့ခွဲများရှိကြသည်။ ဥပမာ - ဌာနေတိုင်းရင်းသားရေးရာများအကြောင်းဆွေးနွေးသော အမြဲတမ်းရုံးထိုင်ရာအရပ်။

---

## ကုလသမဂ္ဂ၏ အခြေခံဖွဲ့စည်းပုံ



# ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂ

## ကမ္ဘာ့ကုလသမဂ္ဂပြင်ပတွင်ရှိသော ဌာနေတိုင်းရင်းသားများ

- ကုလသမဂ္ဂပဋိညာဉ်စာတမ်းအပိုဒ်ခွဲ(၁)တွင် လူထု၏ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့် တန်းတူညီမျှအခွင့်အရေးများဆိုင်ရာမူဝါဒကို အသိအမှတ်ပြုထားပါသည်။ နိုင်ငံများကသာ အဖွဲ့ဝင်များဖြစ်ကြသည်။
- ဌာနေတိုင်းရင်းသားအများစုတွင် လူမျိုးအလိုက်သော်လည်းကောင်း၊ နိုင်ငံအလိုက်သော်လည်းကောင်း ခိုင်မာသည့် ကိုယ်ပိုင် ဝိသေသလက္ခဏာများရှိကြသော်လည်း ၄င်းတို့သည် ကုလသမဂ္ဂအဖွဲ့ဝင်များမဟုတ်ကြပါ။

## ကုလသမဂ္ဂမှ အသိအမှတ်ပြုခံရရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း

- (၁၉၂၃) - တွင် ကနေဒါနိုင်ငံမှ အီရိုကွိုမဟာမိတ်ကောင်စီအဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ ဒဲ့ကာဟဲသည် မိမိလူမျိုးစုနှင့် ကနေဒါအစိုးရအကြား အငြင်းပွားမှုများကို ကူညီဖြေရှင်းပေးရန်အတွက် ဂျီနီဗာနိုင်ငံသို့ သွားရောက်ခဲ့သည်။

## အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့(အိုင်အဲလ်အို)သဘောတူညီမှုအမှတ် ၁၀၇နှင့် ၁၆၉ ရှိဖော်ပြချက်

- (၁၉၅၇) - အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့မှ ဌာနေတိုင်းရင်းသားနှင့် မျိုးနွယ်စုများအတွက် သဘောတူညီချက်အမှတ် ၁၀၇ ကိုအတည်ပြုခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် သဘောတူညီချက်အမှတ် ၁၆၉ ကို ပြင်ဆင်အတည်ပြုခဲ့သည်။

## ဌာနေတိုင်းရင်းသား လူထုဆိုင်ရာကုလသမဂ္ဂအလုပ်အမှုဆောင်အဖွဲ့နှင့် ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာကြေငြာစာတမ်း (ယူအဲန်ဒရစ်)

- (၁၉၇၁) - ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ အီကွေဒေါနိုင်ငံရှိ မစ္စတာဂျိုစ့်မာတင်နိကိုဘိုအား ဌာနေတိုင်းရင်းသားလူထုတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် ဖိနှိပ်ချုပ်ခြယ်မှုများအကြောင်းလေ့လာရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးအရာရှိအဖြစ်ခန့်အပ်ပြီး တာဝန်ပေးခဲ့သည်။ သူ၏အစီရင်ခံစာကို ၁၉၈၆ ခုနှစ်တွင် အပြီးသတ်ထုတ်ပြန်ခဲ့ပါသည်။
- (၁၉၈၂) - ခုနှစ်တွင် ဌာနေတိုင်းရင်းသားလူထုဆိုင်ရာ ကုလသမဂ္ဂအလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဤအဖွဲ့မှနေ၍ ဌာနေတိုင်းရင်းသားများနှင့်အတူ ၂၀၀၆ခုနှစ်အထိ လက်တွဲလုပ်ဆောင်၍ ဌာနေတိုင်းရင်းသားအခွင့်အရေးကြေငြာစာတမ်း မူကြမ်းကို တင်ပြဆွေးနွေးခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာကြေငြာစာတမ်း (ယူအဲန်ဒရစ်)ကို အတည်ပြုခဲ့သည်။

## ဌာနေတိုင်းရင်းသားရေးရာ အမြဲတမ်းရုံးထိုင်ရာအရပ်နှင့် အထူးကိုယ်စားလှယ်

- (၂၀၀၀) - ခုနှစ်တွင် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီမှ ဌာနေတိုင်းရင်းသားရေးရာအမြဲတမ်းရုံးထိုင်ရာအရပ်ကို တည်ထောင်ခဲ့သည်။ ၄င်းသည် နှစ်စဉ်နှစ်တိုင်း အမေရိကန်နိုင်ငံ၊ နယူးရောက်မြို့တွင် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။
- (၂၀၀၁) - ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာကော်မရှင်မှ ဌာနေတိုင်းရင်းသားများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအတွက် အထူးစုံစမ်းစစ်ဆေးရေးအရာရှိကို ပထမဆုံးအကြိမ်ခန့်အပ်ခဲ့သည်။

## ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့

- (၂၀၀၇) - ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာကောင်စီမှ ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာကျွမ်းကျင်သူများအဖွဲ့ (အဲမရစ်) ကိုတည်ထောင်ဖွဲ့စည်းခဲ့ပါသည်။

# ဘိုးဘွားပိုင်မြေများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ရပ်ရွာအခြေပြုမြေပုံများရေးဆွဲခြင်း

## အင်ဒိုနီးရှားနိုင်ငံတွင် တန်ပြန်မြေပုံရေးဆွဲခြင်း

- အင်ဒိုနီးရှားအစိုးရက နိုင်ငံအတွင်းရှိ သစ်တောမြေနေရာအားလုံးသည် နိုင်ငံပိုင်ပစ္စည်းများဖြစ်ကြောင်းကြေငြာခဲ့သည်။
- ထို့နောက်အစိုးရမှ သစ်ထုတ်လုပ်ရေး၊ သတ္တုတူးဖော်ရေးနှင့် စိုက်ပျိုးမြေလုပ်ပိုင်ခွင့်များအတွက် သစ်တောမြေနေရာများအား မြေပုံရေးဆွဲခွဲဝေသတ်မှတ်ခဲ့သည်။
- ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ မြေယာနှင့် သစ်တောဆိုင်ရာအခွင့်အရေးများကို ကာကွယ်စောင့် ရှောက်နိုင်ရန်အတွက် ကျေးလက်ဒေသအသီးသီးတွင် မိမိတို့၏ ပိုင်နက်နယ်မြေများကိုဖော်ပြထားသည့် ရပ်ရွာအခြေပြုမြေပုံများရေးဆွဲပြီး မိမိတို့၏ ဘိုးဘွားပိုင်မြေများ အသိအမှတ်ပြုခံရရန်အတွက် တောင်းဆိုခဲ့သည်။
- ၂၀၁၃ခုနှစ်တွင် ဌာနေတိုင်းရင်းသားများ၏ ဘိုးဘွားပိုင် သစ်တောမြေနေရာပိုင်ဆိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးမှ အသိအမှတ်ပြုခဲ့သည်။
- အာမန်ဟုခေါ်ဆိုသည့် အမျိုးသားအဆင့် ဌာနေတိုင်းရင်းသားညွန့်ပေါင်းအဖွဲ့နှင့် အခြားထောက်ခံအားပေးသည့် အစိုးရမဟုတ်သောလူမှုအဖွဲ့အစည်းများက ၄င်းမြေပုံများကို ကူညီရေးဆွဲကြသည်။ ၄င်းတို့က ဘိုးဘွား ပိုင်သစ်တောမြေများသည် ဟက်တာသန်း၄၀ကျော်ရှိမည်ဟု ခန့်မှန်းကြသည်။

## ဖိလစ်ပိုင်နိုင်ငံတွင် ဘိုးဘွားပိုင်နက်နယ်မြေများ ရပိုင်ခွင့်အတွက်ဆောင်ရွက်ခြင်း

- ဖိလစ်ပိုင်နိုင်ငံရှိ ဌာနေတိုင်းရင်းသားများ၏ ဆယ်စုနှစ်များစွာ ကြိုးပမ်းဆောင်ရွက်မှုအပြီးတွင် ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာဥပဒေကို ၁၉၉၇ခုနှစ်တွင် နိုင်ငံအစိုးရမှ ထုတ်ပြန်ကြေငြာခဲ့သည်။
- အခြားအချက်များအပါအဝင်၊ ၄င်းဥပဒေသည် ဌာနေတိုင်းရင်းသားများ၏ ဘိုးဘွားပိုင်နက်နယ်မြေများအစု အဖွဲ့လိုက် ဘုံပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုခဲ့သည်။
- ရပ်ရွာခြေပြုမြေပုံများသည် အားထုတ်ကြိုးပမ်းမှုထဲ၌ အရေးပါသောကဏ္ဍတွင် ပါဝင်ခဲ့သည်။ ယခုအချိန်တွင် ဘိုးဘွားပိုင်နက်နယ်မြေများကို နိုင်ငံအစိုးရမှ ရေးဆွဲပေးနေပြီဖြစ်သည်။
- မြေဟက်တာ (၄. ၅သန်း)ကျော် ပါဝင်သည့် အသိ အမှတ်ပြုလက်မှတ်ပေါင်း ၁၆၀ကျော်ကို ဘိုးဘွားပိုင်နက် နယ်မြေများအတွက် ပေးအပ်ခဲ့သည်။
- သတ္တုတွင်းလုပ်ကိုင်ခြင်းကဲ့သို့သော ပိုင်နက်ကျူးလွန်ခြင်းမျိုးမှလည်း ကူညီကာကွယ်ပေးခဲ့သည်။
- ရပ်ရွာခြေပြု သယံဇာတစီမံအုပ်ချုပ်ရေးများတွင်လည်း ပံ့ပိုးကူညီခဲ့သည်။



Date ........ / ........ / ........

Date ........ / ........ / ........

Date ........ / ........ / ........

" လူ့အခွင့်အရေးတွေနဲ့ ကမ္ဘာလုံးဆိုင်ရာတိုးတက်ဖွံ့ဖြိုးမှု အကြောင်းတွေကို ကျွန်ုပ်တို့ အကျယ်တဝံ့ပြောကြတော့မယ်ဆိုရင် ဌာနေတိုင်းရင်းသားတွေကို ဗဟိုပြုပြီးပြောရမှာဖြစ်တယ်။ "

ဘန်ကီမွန်း

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်

Date ........ / ........ / ........

Date ........ / ........ / ........

ဒေသခံပြည်သူများနှင့် ဌာနေတိုင်းရင်းသားများစီမံအုပ်ချုပ်ထားသော သစ်တောများသည် ကာဗွန်၃၇.၇ ဘီလီယံတန်ကို ထိန်းသိမ်းထားသည်။ ယင်းသည် ၂၀၁၃ခုနှစ်တွင် တစ်ကမ္ဘာလုံးမှ စက်မှုလုပ်ငန်းများနှင့် ရုပ်ကြွင်းလောင်စာ လောင်ကျွမ်းခြင်းကြောင့် ထွက်လာသော ကာဗွန် ဒိုင်အောက်ဆိုဒ်ထက်ပိုသော ပမာဏဖြစ်သည်။

Date ........ / ........ / ........

Date ........ / ........ / ........

Date ........ / ........ / ........

လေးစားလိုက်နာ မိရိုးဖလာ။

Date ........ / ........ / ........

Date ........ / ........ / ........

ကျေးငှက်သားရဲ၊ တောမှာမြဲ၏။

Date ........ / ........ / ........

Date ........ / ........ / ........

တောတောင်ရှိမှ၊ မိုးရေရှိ။

Date ........ / ........ / ........

Date ........ / ........ / ........

သစ်မြစ်ဆေးရွက်၊ တောမှာထွက်၏။

Date ........ / ........ / ........

Date ........ / ........ / ........

တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏။

Date ........ / ........ / ........

Date ........ / ........ / ........

တောတောင်ပြတ်ပြုန်း၊ မြေဆီသုဉ်း၏။

Date ........ / ........ / ........

Date ........ / ........ / ........

မိုးရာသီ ဇူလိုင်လ၊ သစ်ပင်စိုက်ပျိုးကြ။

Date ........ / ........ / ........

Date ........ / ........ / ........

သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနားခိုရာ

Date ........ / ........ / ........

Date ........ / ........ / ........

တစ်ရွာမှာတစ်ကန်၊ တစ်ကန်မှာတစ်တော၊
တို့မြေမှာတို့တွေထိန်း၊ စိမ်းမြတဲ့တော။

Date ........ / ........ / ........

Date ........ / ........ / ........

ငြိမ်းချမ်းမှ စိမ်းလန်းမည်။

Date ........ / ........ / ........

Date ........ / ........ / ........

ရေချိုလို တောကိုထိန်း။

Date ........ / ........ / ........

Date ........ / ........ / ........


တောမဲ့မြေသား၊ ရေတိုက်စား၏။

Date ........ / ........ / ........

Date ........ / ........ / ........

ပတ်ဝန်းကျင်ကောင်းရရှိရေး၊
သင်လည်းပါဝင်ဆောင်ရွက်ပေး။


Date ........ / ........ / ........



နှစ်စဉ် မတ်လ ၂၂ရက်နေ့ကို ကမ္ဘာ့ရေနေ့အဖြစ် ၁၉၉၂ ခုနှစ်က စတင်သတ်မှတ်ခဲ့တယ်။

Date ........ / ........ / ........

Date ........ / ........ / ........



ကမ္ဘာမြေကိုချမ်းမြေ့မှုမပေးရင် ကျုပ်တို့ကို အစားအစာပြန်ပေးနိုင်မှာ မဟုတ်ဘူး။

Date ........ / ........ / ........


Date ........ / ........ / ........



တစ်ခါသုံး စက္ကူခွက်တွေအစား ကြွေမတ်ခွက်ဖြင့် ရေသောက်ပါ။

Date ........ / ........ / ........

Date ........ / ........ / ........



သဘာဝပတ်ဝန်းကျင်ပြဿနာကို အစိုးရကပဲ ဖြေရှင်းရမယ်လို့ မထင်သင့်ဘူး

Date ........ / ........ / ........


Date ........ / ........ / ........



သဘာဝဟာ အခြားမည်သည့်စက်ထက်မဆို ပြည့်စုံတဲ့ စက်ယန္တရားကြီးပါ။

Date ........ / ........ / ........


Date ........ / ........ / ........



ပတ်ဝန်းကျင်ကိုထိန်းသိမ်းပေး၊ ဆင်းရဲခြင်းဘေး ကင်းလွတ်ဝေး။

Date ........ / ........ / ........


Date ........ / ........ / ........



ဆောင်းဆို အေးချင်မှ အေး၊ မိုးဆို ရွာ ချင်မှ ရွာ၊ နွေဆို ပူချင် သလောက်ပူတာ ကြာဘီ။

Date ........ / ........ / ........


Date ........ / ........ / ........




ဒီနေ့ ကမ္ဘာကြီးမှာသန့်ရှင်းပြီး ဘေးကင်းတဲ့အရာ သိပ်ရှားသွားပြီ။

Date ........ / ........ / ........


Date ........ / ........ / ........



လူသားနဲ့ ကမ္ဘာမြေကြား ညီညွတ်မျှတ သဟဇာတကျတဲ့ ဘဝကိုရယူပါ။

Date ........ / ........ / ........


Date ........ / ........ / ........



ကုန်ပစ္စည်းမှာ ကပ်ထားတဲ့ အမှတ်တံဆိပ်ကို သေချာဖတ်ပြီးမှ ဝယ်ပါ။

Date ........ / ........ / ........


Date ........ / ........ / ........



သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးပစ်ခြင်းဟာ အကြမ်းဖက်ခြင်းဘဲ။

Date ........ / ........ / ........


Date ........ / ........ / ........



ခြင်ဆေးခွေတစ်ခွေက စီးကရက် (၁၃၇)လိပ်နဲ့ ညီမျှတဲ့ အဆိပ်ငွေ့တွေထွက်တယ်။

Date ........ / ........ / ........


Date ........ / ........ / ........



ကြွက်ဆေးအစား ထောင်ချောက်သုံးရင် ပတ်ဝန်းကျင်အဆိပ်အတောက်ကင်းမယ်။

Date ........ / ........ / ........

Date ........ / ........ / ........



ဒဏ်ရာရနေတဲ့ကမ္ဘာကြီးပေါ်မှာ လူတွေကောင်းကောင်းနေရမယ့် နည်းဘဲကျန်တယ်။

Date ........ / ........ / ........

Date ........ / ........ / ........



ကျုပ်ကိုလွှတ်မပစ်ပါနဲ့ ပြန်ပြင်သုံးပါနော်။

Date ........ / ........ / ........


Date ........ / ........ / ........



သစ်ထုတ်လို့ တောပြောင်၊ မိုးခေါင်တော့မှာဘဲ။ မိုးခေါင်လို့ ရေမကြွယ် သဲပင်လယ်ဖြစ်လိမ့်မလွဲ။

Date ........ / ........ / ........


Date ........ / ........ / ........



သေနေတဲ့ ပင်လယ်လိုချင်လား။ ရှင်နေတဲ့ ပင်လယ်လိုချင်လား။

Date ........ / ........ / ........


Date ........ / ........ / ........



သဘာဝပတ်ဝန်းကျင်နေရာမှာ လူဖန်တီးတဲ့ ပတ်ဝန်းကျင်အစားထိုး ဝင်ရောက်လာတယ်။

Date ........ / ........ / ........


Date ........ / ........ / ........



သဘာဝပတ်ဝန်းကျင်နေရာမှာ လူဖန်တီးတဲ့ ပတ်ဝန်းကျင်အစားထိုး ဝင်ရောက်လာတယ်။

Date ........ / ........ / ........


Date ........ / ........ / ........



သဘာဝကို လေးစားပါ။

Date ........ / ........ / ........


Date ........ / ........ / ........



ခေတ်မီဆေးဝါး အတော်များများဟာ ရေနံခါတူ ပစ္စည်းတွေဘဲ။

Date ........ / ........ / ........


Date ........ / ........ / ........



မိမိကြောင့် သဘာဝပတ်ဝန်းကျင်မထိခိုက်ဘူးဆိုတာ သေချာအောင်လုပ်ပါ။

Date ........ / ........ / ........


Date ........ / ........ / ........



ကမ္ဘာမြေကို လူတွေရဲ့ အတ္တ လောဘတွေက ပြောင်းလဲပစ်တယ်။

Date ........ / ........ / ........


Date ........ / ........ / ........



သဘာဝပတ်ဝန်းကျင်ကို မထိန်းသိမ်းဘဲ ဆင်းရဲတွင်းထဲက တက်လို့မရဘူး။

Date ........ / ........ / ........

Date ........ / ........ / ........



သဘာဝတရားဟာ သူ့အလုပ်ကိုသူ ကျုပ်တို့ထက်ပိုပြီးနားလည်တယ်။

Date ........ / ........ / ........

Date ........ / ........ / ........



တစ်ရှူးစက္ကူအစား အဝတ်ကိုသုံးပါ။

Date ........ / ........ / ........


Date ........ / ........ / ........



တစ်ခါသုံးတွေသိပ်များရင် ကမ္ဘာကြီးကို ကြာကြာသုံးလို့ရမှာ မဟုတ်တော့ဘူး။

Date ........ / ........ / ........

Date ........ / ........ / ........



တစ်ခါသုံးတွေသိပ်များရင် ကမ္ဘာကြီးကို ကြာကြာသုံးလို့ရမှာ မဟုတ်တော့ဘူး။

Date ........ / ........ / ........

# 2019

**JANUARY**

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | 1 | 2 | 3 | 4 | 5 |
| 6 | 7 | 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 | 18 | 19 |
| 20 | 21 | 22 | 23 | 24 | 25 | 26 |
| 27 | 28 | 29 | 30 | 31 | | |

**FEBRUARY**

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | | |

**MARCH**

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |
| 31 | | | | | | |

**APRIL**

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | | | | |

**MAY**

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

**JUNE**

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | | | | | | |

**JULY**

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | | | |

**AUGUST**

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | 30 | 31 |

**SEPTEMBER**

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | | | | | |

**OCTOBER**

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | 1 | 2 | 3 | 4 | 5 |
| 6 | 7 | 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 | 18 | 19 |
| 20 | 21 | 22 | 23 | 24 | 25 | 26 |
| 27 | 28 | 29 | 30 | 31 | | |

**NOVEMBER**

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |

**DECEMBER**

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | 31 | | | | |

# 2020

| JANUARY | | | | | | |
|---|---|---|---|---|---|---|
| S | M | T | W | T | F | S |
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

| FEBRUARY | | | | | | |
|---|---|---|---|---|---|---|
| S | M | T | W | T | F | S |
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |

| MARCH | | | | | | |
|---|---|---|---|---|---|---|
| S | M | T | W | T | F | S |
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | 31 | | | | |

| APRIL | | | | | | |
|---|---|---|---|---|---|---|
| S | M | T | W | T | F | S |
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | | |

| MAY | | | | | | |
|---|---|---|---|---|---|---|
| S | M | T | W | T | F | S |
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |
| 31 | | | | | | |

| JUNE | | | | | | |
|---|---|---|---|---|---|---|
| S | M | T | W | T | F | S |
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | | | | |

| JULY | | | | | | |
|---|---|---|---|---|---|---|
| S | M | T | W | T | F | S |
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

| AUGUST | | | | | | |
|---|---|---|---|---|---|---|
| S | M | T | W | T | F | S |
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | 31 | | | | | |

| SEPTEMBER | | | | | | |
|---|---|---|---|---|---|---|
| S | M | T | W | T | F | S |
| | | 1 | 2 | 3 | 4 | 5 |
| 6 | 7 | 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 | 18 | 19 |
| 20 | 21 | 22 | 23 | 24 | 25 | 26 |
| 27 | 28 | 29 | 30 | | | |

| OCTOBER | | | | | | |
|---|---|---|---|---|---|---|
| S | M | T | W | T | F | S |
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | 30 | 31 |

| NOVEMBER | | | | | | |
|---|---|---|---|---|---|---|
| S | M | T | W | T | F | S |
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | | | | | |

| DECEMBER | | | | | | |
|---|---|---|---|---|---|---|
| S | M | T | W | T | F | S |
| | | 1 | 2 | 3 | 4 | 5 |
| 6 | 7 | 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 | 18 | 19 |
| 20 | 21 | 22 | 23 | 24 | 25 | 26 |
| 27 | 28 | 29 | 30 | 31 | | |

# လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း (အက်ဖ်ပီအိုင်စီ) FPIC

## အက်ဖ်ပီအိုင်စီဆိုသည်မှာ အဘယ်နည်း။

ကုလသမဂ္ဂဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာကြေငြာစာတမ်းတွင် ဖော်ပြပါရှိသည့် မိမိကိုယ်ပိုင်ဆုံးဖြတ်ခွင့်အပေါ်အခြေခံသည့် ဌာနေတိုင်းရင်းသားများ၏ ဘုံအခွင့်အရေးဖြစ်ပါသည်။ ဌာနေတိုင်းရင်းသားရပ်ရွာများသို့မဟုတ် လူထုများ၏ ဘုံဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်မှ ရလဒ်ဖြစ်သည်။ မိမိတို့၏နယ်မြေသို့ ပြင်ပမှဝင်ရောက်လာမည့် မည်သည့်လုပ်ရပ်မဆို ဌာနေတိုင်းရင်းသားတို့မှ လက်ခံပိုင်ခွင့်နှင့် ငြင်းပယ်ပိုင်ခွင့်တို့ ပေးအပ်ခြင်းဖြစ်သည်။ ဆုံးဖြတ်ချက်များ မည်ကဲ့သို့ချမှတ်မည်ကို ပြောပိုင်ခွင့်လဲ ပါဝင်ပါသည်။

## အဘယ်နည်း။ မည်သည့်အတွက်ကြောင့် အက်ဖ်ပီအိုင်စီကို လိုအပ်ပါသနည်း။

ဌာနေတိုင်းရင်းသားတို့နှင့် ၎င်းတို့၏ ရပ်ရွာ (ဥပမာ – မြေယာ၊ ပိုင်နက်နယ်နိမိတ်နှင့် အရင်းအမြစ်များ)၊ လက်ရှိနှင့် အနာဂတ်အသက်မွေးဝမ်းကျောင်း၊ ကျန်းမာရေးနှင့် သာယာဝပြောရေး၊ ပိုက်နက်နယ်မြေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ထိုသွင်ပြင်လက္ခဏာများနှင့် ယဉ်ကျေးမှုများအပေါ် သက်ရောက်နိုင်သည့် အစီအစဉ်၊ ဥပဒေပြုမှု၊ မူဝါဒရေးဆွဲမှုနှင့် စီမံအုပ်ချုပ်မှု ဆောင်ရွက်ချက်များအားလုံးတွင် အက်ဖ်ပီအိုင်စီကိုလိုအပ်ပါသည်။

## အက်ဖ်ပီအိုင်စီဆိုင်ရာအခွင့်အရေးကို မည်သူတို့က အသိအမှတ်ပြုပါသလဲ။

နိုင်ငံတကာဥပဒေ – ကုလသမဂ္ဂဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်းနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ အဖွဲ့၏ သဘောတူညီချက်အမှတ် – ၁၆၉ (ILO ၁၆၉)။ နိုင်ငံအဆင့်ဥပဒေ – ဥပမာအားဖြင့် ဖိလစ်ပိုင်နိုင်ငံနှင့် ပီးရူးနိုင်ငံ။ ကုလသမဂ္ဂကိုယ်စားလှယ်ဌာနများ၊ အလှူရှင်များနှင့် နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့အစည်းများ။



# လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း (အက်ဖ်ပီအိုင်စီ) FPIC

## လူထုသဘောတူညီမှုရရှိခြင်း

- ၎င်းသည် လူထုထံမှ အကြံအဉာဏ်ရယူခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းနှင့် ညှိနှိုင်းခြင်းဖြစ်စဉ်၏ ရလာဒ်ဖြစ်သည်။ အကြံအဉာဏ်ရယူခြင်း၊ လူထုပါဝင်စေခြင်းနှင့် ညှိနှိုင်းခြင်းတို့သည် လူထုသဘောတူညီမှုရရှိစေနိုင်မည့် နည်းလမ်းများဖြစ်ပါသည်။
- ၎င်းသည် သဘောတူညီချက်တစ်ခုလည်း ဖြစ်ပါသည်။ လူထုမှနေ၍ ရည်ရွယ်ထားသည့် စီမံကိန်းအပေါ် ခွင့်ပြုချက်ပေးခြင်း၊ မပေးခြင်းကို ဆိုလိုပါသည်။ လူထုတွင် "သဘောတူခွင့်"နှင့် "ငြင်းပယ်ခွင့်" ရှိပါသည်။

## လွတ်လပ်စွာ

- ၎င်းသည် မည်သူတစ်ဦးတယောက်ကမှ (ဥပမာ – အစိုးရ၊ စီမံကိန်းဆောင်ရွက်သူ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု) ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ ကြိုးကိုင်ချယ်လှယ်ခြင်း၊ တွန်းအားပေးခြင်းမှ ကင်းလွတ်ခြင်းကို ဆိုလိုပါသည်။
- လူထုနှင့် အသင့်တော်ဆုံးသော အကြံဉာဏ်ရယူမှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံကို အများသဘောတူဆုံးဖြတ်ပိုင်ခွင့်လည်း ပါဝင်ပါသည်။

## ကြိုတင်အချိန်ပေးခြင်း

- သဘောတူညီမှုရရှိခြင်းကို လုပ်ငန်းမစတင်မီ ရယူရမည်ဖြစ်သည်။
- လူထုအတွက်ကြုံတွေ့ရမည့် အန္တရာယ်များနှင့် အကျိုးရလဒ်များကို အပြည့်အဝဆင်ချင်သုံးသတ်နိုင်ရန် လုံလောက်သည့်အချိန်ပေးရပါမည်။
- လိုအပ်ပါက လူထုမှ ထပ်မံသိရှိလိုသောအချက်များကို ရှာဖွေရယူနိုင်ရန် အခွင့်အလမ်းရှိရပါမည်။

## အသိပေးခြင်း

- စီမံကိန်းကြောင့် ထိခိုက်ခံစားရမည့် ရပ်ရွာလူထုနားလည်နိုင်မည့်နည်းလမ်း၊ ဘာသာစကားများဖြင့် လုံလောက်သည့် သတင်းအချက်အလက်များ ပံ့ပိုးပေးမှုနှင့် ဌာနေတိုင်းရင်းသားများ၏ ဖွဲ့စည်းနေထိုင်ပုံ၊ ဓလေ့ထုံးတမ်းဥပဒေ၊ ယဉ်ကျေးမှု၏ ထုံးတမ်းစဉ်လာများကို အသိအမှတ်ပြုပေးမှုအပေါ်မူတည်၍ သဘောတူညီမှုရယူရမည်ဖြစ်သည်။
- ရပ်ရွာလူထုများ၊ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ရိုးရာဘာသာရေးခေါင်းဆောင်များနှင့် ရိုးရာအသိပညာများတတ်သိနားလည်သူများ စသည်တို့၏ တက်ကြွစွာပါဝင်ဆွေးနွေးခြင်းလည်း လိုအပ်ပါသည်။





## ကိုင်ပိုင်ပြဌာန်းပိုင်ခွင့်

- ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုသည်မှာ ဌာနေတိုင်းရင်းသားများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ဖွံ့ဖြိုးတိုးတတ်မှုတို့ကို ၎င်းတို့၏ စုပေါင်းဘုံသဘောတူညီချက်ဖြင့် လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိခြင်းကို ဆိုလိုပါသည်။
- ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ မတူကွဲပြားခြားနေသည့် နိုင်ငံရေး၊ ဥပဒေရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများကို ထိန်းသိမ်းခွင့်နှင့် ခိုင်မာအားကောင်းလာအောင် ပြုလုပ်ပိုင်ခွင့်ရှိပြီး၊ ၎င်းတို့နေထိုင်သော နိုင်ငံအတွင်းရှိ ထိုသို့သောကဏ္ဍများတွင်လည်း အပြည့်အဝလွတ်လပ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ရှိသည်။
- ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ ဓလေ့ထုံးတမ်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်ပိုင်ဝိသေသလက္ခဏာများကို ပြဌာန်းပိုင်ခွင့်ရှိပြီး၊ မိမိတို့၏ ဖွဲ့စည်းပုံ၊ သတ်မှတ်ချက်နှင့်ညီသော ခေါင်းဆောင်ရွေးချယ်ခြင်း၊ အဖွဲ့ဝင်သတ်မှတ်ခြင်းတို့ ပြုလုပ်ပိုင်ခွင့်ရှိသည်။

## မြေယာပိုင်နက်မြေများနှင့် သယံဇာတအရင်းအမြစ်များဆိုင်ရာ အခွင့်အရေး

- နိုင်ငံအစိုးရများသည် ဌာနေတိုင်းရင်းသားများ ပိုင်ဆိုင်သော မြေယာ၊ ပိုင်နက်နယ်မြေများနှင့် သယံဇာတအရင်းအမြစ်များကို ၎င်းတို့၏ ထုံးတမ်းစဉ်လာရိုးရာယဉ်ကျေးမှုနှင့်အညီ အသိအမှတ်ပြုကာ ကွယ်ထိန်း သိမ်းခွင့်ရှိရမည်။
- ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့ ယဉ်ကျေးမှုအရ မတူထူးခြားသည့် ဆက်နွယ်မှုရှိသော မြေယာပိုင်နက်နယ်မြေများနှင့် သယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်အား ကောင်းစေပြီး မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းလွှဲပြောင်းပေး ပိုင်ခွင့်များရှိသည်။
- ဌာနေတိုင်းရင်းသားများ၏ သဘောဆန္ဒနှင့်အညီ ၎င်းတို့ဒေသရှိ မြေယာ၊ ပိုင်နက်နယ်မြေများနှင့် သယံဇာတအရင်းအမြစ်များဆိုင်ရာ အငြင်းပွားမှုများကို ပွင့်လင်းမြင်သာပြီး တရားမျှတစွာ အသိအမှတ်ပြု ဖြေရှင်းဆောင်ရွက်ပေးရမည်။

## လွတ်လပ်စွာ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း(အက်ဖ်ဗီအိုင်စီ)

ဌာနေတိုင်းရင်းသားများအတွက် လွတ်လပ်စွာကြိုတင်အသိပေးမှုနှင့် လူထုသဘောထားရယူခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များကို အောက်ပါအခြေအနေများတွင်လိုအပ်ပါသည်။

- ဌာနေတိုင်းရင်းသားများအား ၎င်းတို့၏ မြေယာ၊ ပိုင်နက်နယ်မြေများမှ အတင်းအဓမ္မ ဖယ်ရှားခြင်း၊ နေရာရွှေ့ပြောင်းခြင်း။
- ဌာနေတိုင်းရင်သားများအပေါ် သက်ရောက်မှုရှိသည့် စည်းမျဉ်းဥပဒေများ ပြဌာန်းခြင်း၊ ပြောင်းလဲခြင်း၊ အသစ်ထုတ်ပြန်ခြင်း။
- ဌာနေတိုင်းရင်းသားများ၏ မြေယာ၊ ပိုင်နက်မြေများတွင်ပြုလုပ်မည့် ဖွံ့ဖြိုးရေး၊ အထူးသဖြင့် သတ္တု



ရေနှင့် အခြားသယံဇာတအရင်းအမြစ်များ ထုတ်ယူတူးဖော်ခြင်း။

- ■ ဌာနေတိုင်းရင်းသားတို့၏ မြေယာနှင့် ပိုင်နက်နယ်မြေများပေါ်တွင် အန္တရာယ်ဖြစ်စေမည့် (သို့) အဆိပ်အတောက်ဖြစ်စေမည့်ပစ္စည်းမဆို သိုလှောင်ခြင်း၊ စွန့်ပစ်ခြင်းများ။

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေး

- ■ ဌာနေတိုင်းရင်းသားများသည် မိမိဘဝအသက်ရှင်ရပ်တည်ရေးနှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာနှင့် အခြားစီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နိုင်သော ဖွံ့ဖြိုးရေးတို့ကို ၎င်းတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များနှင့် အဖွဲ့အစည်းများအတိုင်း ထိန်းသိမ်းဆောင်ရွက်ပိုင်ခွင့်ရှိသည်။
- ■ မိမိတို့၏ အသက်ရှင်နေထိုင်ရေးနည်းလမ်းများကို ပိတ်ပင်တားဆီးခံရ ပါက တရားမျှတစေရန် ဖြေရှင်းဆောင်ရွက်ပိုင်ခွင့်ရှိသည်။
- ■ မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးဆောင်ရွက်ရမည့် အရာများနှင့်နည်းဗျူဟာများကို သတ်မှတ်ဆုံးဖြတ်ပိုင်ခွင့်နှင့် မည်သည့် ဖွံ့ဖြိုးရေးအစီအစဉ်များတွင်မဆို တက်ကြွစွာပါဝင်ခွင့်ရှိသည်။
- ■ နိုင်ငံတော်အစိုးရအနေဖြင့် ဌာနေတိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်လာစေမည့် အထူးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးရမည်။

## ရိုးရာယဉ်ကျေးမှု နှင့် ယဉ်ကျေးမှုအမွေအနှစ်

- ■ ဌာနေတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုကို ဖျက်ဆီးခြင်းနှင့် အခြားယဉ်ကျေးမှုထဲသို့ အတင်းအဓမ္မရောနှောခြင်း မခံရရေးဆိုင်ရာအခွင့်အရေး။
- ■ ၎င်းကဲ့သို့ ဆောင်ရွက်ခြင်းမျိုးကို နိုင်ငံတော်အစိုးရမှ တားဆီးကာကွယ်နိုင်ရန်အတွက် ထိရောက်သည့် လုပ်ငန်းများဆောင်ရွက်ရမည်။
- ■ မိမိတို့၏ ဝိညာဉ်ရေးရာ၊ ဘာသာရေးရာ ဓလေ့ထုံးထမ်းများနှင့် ရိုးရာအခမ်းအနားပွဲတော်များကို ပေါ်ပေါ်ထင်ထင်လက်တွေ့ဆောင်ရွက်ခွင့်၊ သင်ကြားခွင့်၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခွင့်ရှိသည်။
- ■ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်၊ ရိုးရာအသိပညာနှင့် ရိုးရာယဉ်ကျေးမှုအတွေးအခေါ်များ၊ သိပ္ပံနည်းပညာများတို့ကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်၍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခွင့်ရှိသည်။

## ပညာရေးနှင့် ကျန်းမာရေး

- ■ ဌာနေတိုင်းရင်းသားများ၏ပညာရေးစနစ်များနှင့် အဖွဲ့အစည်းများကို ၎င်းတို့၏ ကိုယ်ပိုင်ဘာသာစကား၊ နည်းစနစ်များနှင့်အညီ တည်ထောင်ထိန်းသိမ်းပိုင်ခွင့်ရှိသည်။
- ■ နိုင်ငံတော်ရှိ ပညာရေးအဆင့်အားလုံး၊ ပုံစံအားလုံးကို သင်ယူပိုင်ခွင့်ရှိသည်။
- ■ နိုင်ငံတော်အစိုးရအနေဖြင့် ဌာနေတိုင်းရင်းသားအသီးသီး ပညာရေးလက်လှမ်းမှီစေရန်နှင့် ဖြစ်နိုင်ပါက မိမိတို့၏ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်ဘာသာစကားဖြင့်သင်ယူနိုင်ခွင့်ရရန်ထိရောက်စွာဆောင်ရွက်ပေးရမည်။
- ■ မိမိတို့၏ ရိုးရာတိုင်းရင်းဆေးကုမှု အလေ့အထများကို ထိန်းသိမ်းခွင့်ရှိ သည်။
- ■ ကိုယ်ကာယနှင့် စိတ်ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်ကုသပေးမှုများကို ခံစားပိုင်ခွင့်ရှိသည်။

**ကုလသမဂ္ဂဌာနေတိုင်းရင်းသား အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်း – ယူအဲန်ဒရစ်**



# ကမ္ဘာ့ဌာနေတိုင်းရင်းသားများ


ကမ္ဘာတဝှမ်းလုံးတွင် ဘာသာစကားအမျိုးပေါင်း ၅၀၀၀မှ ၇၀၀၀အထိရှိပြီး ၎င်းတို့အနက် ဌာနေတိုင်းရင်းသားတို့၏ ဘာသာစကားမှာ အမျိုးအစား ၄၀၀၀မှ ၅၀၀၀ အထိရှိသည်။ ဌာနေတိုင်းရင်းသားများသည် ကမ္ဘာ့လူဦးရေ၏ ၄.၄%၊ လူဦးရေအားဖြင့် သန်းပေါင်း ၃၀၀ခန့် ရှိသည်။












## အာရှတိုက်ရှိ ဌာနေတိုင်းရင်းသားများ

- တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှဒေသတွင်း၌ပင် ဌာနေတိုင်းရင်းသားဦးရေသန်း ၂၆၀ခန့် ရှိနေပါသည်။
- တိုင်းရင်းသားမျိုးနွယ်စုပေါင်း၂၀၀၀ကျော်ခန့် ရှိပါသည်။
- ဌာနေတိုင်းရင်းသားများကို ဌာနေတိုင်းရင်းသားများ၊ အာဒီဗာစီ၊ တိုင်းရင်းသားလူမျိုးစုငယ်များ၊ လူမျိုးစုများ၊ တောင်ပေါ်နေတိုင်းရင်းသားများ၊ တိုင်းရင်းသားလူမျိုးများဟု နိုင်ငံအသီးသီးတွင် မတူညီသောအသုံးအနှုန်းများဖြင့် ခေါ်ဝေါ်ကြသည်ကို တွေ့ရှိရပါသည်။

## FPIC ဆိုင်ရာ ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ဖော်ပြချက်များ

### တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ အခန်း(၄) ပုဒ်မ(၅)တွင် ဌာနေတိုင်းရင်းသားဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ဒေသခံများအားပြည့်စုံတိကျစွာ ကြိုတင်ချပြအသိပေးပြီး ညှိနှိုင်းဆောင်ရွက်ရန် ဖော်ပြထားသည်။

၅။ တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ သဘာဝသယံဇာတထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာဌာနတိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာ ကြိုတင်ချပြအသိပေး၍ ညှိနှိုင်းဆောင်ရွက်ရမည်။

---

### ဌာနေတိုင်းသားများ ရိုးရာဓလေ့အရ ထိန်းသိမ်းထားသော နယ်မြေများ၏ လက္ခဏာများ

**၁။ ဒေသခံများ၏ အသက်ရှင်နေထိုင်မှုနှင့် ၎င်းတို့၏ ရိုးရာဓလေ့များသည် ထိုဒေသရှိ ဂေဟစနစ်များနှင့် (ဇီဝမျိုးစိတ်တစ်ခုခု သို့မဟုတ် ထိုဒေသတွင်း အသက်ရှင်နေထိုင်သူများနှင့်) ကောင်းမွန်စွာ ချိတ်ဆက်မှုရှိခြင်း။**

**၂။ ဒေသခံများ၏ စီမံခန့်ခွဲမှုများနှင့် ပတ်သက်သောဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များသည် ဂေဟစနစ်အတွင်း အသက်ရှင်နေထိုင်ကျသော အပင်များ၊ သတ္တဝါများနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းကို ဦးတည်ပြီး ထိုသို့လုပ်ဆောင်ခြင်းသည် ဒေသခံများ၏ တန်ဖိုးထားသော ရိုးရာဓလေ့များနှင့်လည်း ချိတ်ဆက်မှုရှိသည်။ (တစ်ချို့သောလုပ်ဆောင်ချက်များသည် အပင်များ၊ သတ္တဝါများနှင့် သဘာဝပတ်ဝန်းကျင်းကို ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ကွဲပြားတတ်သော်လည်း အသက်ရှင်နေထိုင်မှုတွင် အရေးပါသော ရေအရင်းများ၊ ရိုးရာဓလေ့ယဉ်ကျေးမှုများနှင့် ဝိညာဉ်ရေးရာနှင့် ပတ်သက်သောနေရာများကို ထိန်းသိမ်းခြင်းများနှင့် သက်ဆိုင်မှုရှိသည်)။**

**၃။ နယ်မြေတစ်ခု၏ စီမံခန့်ခွဲမှုနှင့်ပတ်သက်လာလျှင် ဒေသခံများသည် အဓိကဆုံးဖြတ်ချက်ချသူများနှင့် ထိန်းသိမ်းလုပ်ဆောင်သူများဖြစ်ကြသည်။ ဆိုလိုသည်မှာ ဒေသခံများသည် ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ ထုံးတမ်းများကို လုပ်ဆောင်နိုင်ရန် စွမ်းအင်အရင်းအမြစ်များရှိပြီး တစ်ချို့သောလုပ်ဆောင်ချက်များတွင် အခြားသောသက်ဆိုင်သူ လုပ်ငန်းဖော်များနှင့် စုပေါင်းလုပ်ဆောင်ရသော်လည်း အဓိကဆုံးဖြတ်ချက်ချခြင်းများသည် ဒေသခံများနှင့် သက်ဆိုင်သည်။**

# ကာကွယ်မှုဆိုင်ရာ
# (Safeguard)
# ၇ချက်

(၁) မူဝါဒပေါင်းစည်းမှု
(နိုင်ငံတော်အဆင့်နှင့်
နိုင်ငံတကာအဆင့်)



(၂) ပွင့်လင်းမြင်သာပြီး ထိရောက်သော
သစ်တော်အုပ်ချုပ်မှုဖွဲ့စည်းပုံ



(၃)
ဌာနေတိုင်းရင်းသားနှင့် ဒေသခံပြည်သူများ၏
ရိုးရာဗဟုသုတများနှင့် အခွင့်အရေးများကို
လေးစားလိုက်နာရန်




(၄)
ဆက်စပ်ပါဝင်သူများ၏ပြည့်ဝ၍ ထိရောက်သော
ပူးပေါင်းပါဝင်မှု (အထူးသဖြင့် ဌာနေတိုင်း
ရင်းသားများနှင့် ဒေသခံပြည်သူများ)



(၅) သဘာဝတောများနှင့်
ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်း






(၆)
စွန့်စားမှုများကို ဖြေလျှော့ပေးခြင်း
ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ခြင်း

(၇) ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု
လျှော့ချရေး လုပ်ငန်းစဉ်များ



## ရက်ဒ်အပေါင်း ကာကွယ်စောင့်ရှောက်မှု အစီအမံများ (၇)ချက်

**ကန်ကွန်း လုံခြုံမှုစနစ် (COP.16, 2010)**

(က) မူဝါဒပေါင်းစည်းမှု (နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာအဆင့်)၊
(ခ) ပွင့်းလင်းမြင်သာပြီး ထိရောက်သော သစ်တောအုပ်ချုပ်မှုဖွဲ့စည်းပုံ၊
(ဂ) ဌာနေတိုင်းရင်းသားနှင့် ဒေသခံပြည်သူများ၏ ရိုးရာဗဟုသုတများနှင့် အခွင့်အရေးများကို လေးစားလိုက်နာရန်၊
(ဃ) ဆက်စပ်ပါဝင်သူများ၏ ပြည့်ဝ၍ ထိရောက်သော ပူးပေါင်းပါဝင်မှု (အထူးသဖြင့် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ)၊
(င) သဘာဝတောများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်း၊
(စ) စွန့်စားမှုများကို ဖြေလျှော့ပေးခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊
(ဆ) ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းစဉ်များ။

ကန်ကွန်း ကာကွယ်စောင့်ရှောက်မှု အစီအမံများ**(Cancum safeguards)**

“ **REDD+** လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရာတွင် အောက်ဖော်ပြပါ ကာကွယ်စောင့်ရှောက်မှုအစီအမံများသည် အထောက်အကူပြုနိုင်လိမ့်မည်ဖြစ်ပါသည်။ ”

(က) နိုင်ငံအဆင့်သစ်တောကဏ္ဍပင်မစီမံကိန်း၊ အစီအစဉ်တို့၏ ရည်ရွယ်ချက်များ၊ သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် သဘောတူညီချက်များ၏ ရည်ရွယ်ချက်နှင့် ညီညွတ်မှုတရပါမည်။
(ခ) ပွင့်လင်းမြင်သာ၍ ထိရောက်မှုရှိသော အမျိုးသားသစ်တောစီမံအုပ်ချုပ်မှုဖွဲ့စည်းပုံများဖြစ်ရပါမည်။
(ဂ) အပြည်ပြည်ဆိုင်ရာ တာဝန်များ၊ နိုင်ငံအခြေအနေများ၊ ဥပဒေများနှင့်သင့်လျော်သည့် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ ဗဟုသုတ နှင့် အခွင့်အရေးများကို လေးစားရပါမည်။
(ဃ) သက်ဆိုင်ရာအကျိုးဆက်စပ်ခံစားခွင့်ရှိသူများ (အထူးသဖြင့် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ) ၏ အပြည့်အဝ၊ ထိထိရောက်ရောက် ပူးပေါင်းပါဝင်မှုရှိစေရပါမည်။
(င) သဘာဝတောများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်း၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ တိုးပွားခြင်းတို့ဖြစ်စေရပါမည်။
(စ) နောက်ပြန်လှည့်ခြင်းအန္တရာယ်ကို ရင်ဆိုင်နိုင်အောင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။
(ဆ) ကာဗွန်ထုတ်လွှတ်မှုနေရာရွှေ့ပြောင်းခြင်းကို လျှော့ပါးအောင်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။

ရင်းမြစ် ။ ။ **UNFCCC** ၏ (၁၆)ကြိမ်မြောက်ဆုံးဖြတ်ချက်(၁)၊ နောက်ဆက်တွဲ(၁)၊ အပိုဒ်ခွဲ(၂)။
ကိုးကား ။ ။ **REDD+ Academy Training Document**